# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# လူမှုဝန်ထမ်းဦးစီးဌာန

## လျှောက်လွှာခေါ်ယူခြင်း

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်**

**(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် ၁၆-၁၂-၂၀၂၄ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၈၅ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |
| (ခ) | လူမှုဝန်ထမ်း(၄) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၆၅ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |
| (ဂ) | လူမှုဝန်ထမ်း(၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၀၅ နေရာ | အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ |
| (ဃ) | ယာဉ်မောင်း(၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၆ နေရာ | အခြေခံပညာအလယ်တန်းအဆင့်၊ ယာဉ်မောင်းလိုင်စင်(ခ)ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ ဖြစ်ရမည်။ |

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (င) | အစောင့် (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၂၈ နေရာ | ရေးတတ်/ ဖတ်တတ်ရမည်။ |
| (စ) | သန့်ရှင်းရေးအကူ (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၉ နေရာ | ရေးတတ်/ ဖတ်တတ်ရမည် |
| (ဆ) | လုပ်သား (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၈ နေရာ | ရေးတတ်/ ဖတ်တတ်ရမည် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( ဂ ) လျှောက်ထားသူများသည် ၃၁-၁၂-၂၀၂၄ ရက်တွင် အသက်၃၀နှစ်ထက် မကျော်လွန်ရ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခန့်ထားခြင်းခံရပါက ဌာနတွင်အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) အခြားဌာနများမှ ထုတ်ပစ်၊ ထုတ်ပယ်ဝန်ထမ်းများ လျှောက်ထားခြင်းမပြုရ။

၃။ လျှောက်လွှာပုံစံအား လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများအား ပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

( ခ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

( ဂ ) အမှတ်စဉ်(ဃ)လျှောက်ထားသူများသည် ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( င ) အိမ်ထောင်စုစာရင်းမိတ္တူ၊

( စ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သောတစ်လအတွင်း)၊

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

( ဇ ) ပတ်စ်ပို့ဓါတ်ပုံ (၃)ပုံ (လွန်ခဲ့သော ၆ လခန့်)

(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)၊

( ဈ )ကျန်းမာကြောင်းဆေးလက်မှတ်မူရင်း။

၄။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၄ ရက်မှ ၁၆-၁၂-၂၀၂၄ ရက်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများနှင့် သက်ဆိုင်ရာအလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်သည်။ အငယ်တန်းစာရေး၊ လူမှုဝန်ထမ်း(၄)နှင့် လူမှုဝန်ထမ်း(၅) ရာထူးနေရာများအတွက် ဖြေဆိုခွင့်လက်မှတ်များကို သက်ဆိုင်ရာ ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် ၁၉-၁၂-၂၀၂၄ ရက်တွင် ထုတ်ပေးပါမည်။

၅။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို ၂၃-၁၂-၂၀၂၄ ရက်၌ သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ၂၄-၁၂-၂၀၂၄ ရက်တွင် လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။

၆။ အစောင့်၊ သန့်ရှင်းရေးအကူနှင့် လုပ်သားရာထူးနေရာများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်စာမေးပွဲကြီးကြပ်ရေးအဖွဲ့မှ ၂၆-၁၂-၂၀၂၄ ရက်တွင် လူတွေ့စစ်ဆေးရွေးချယ်သွားမည်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတဆင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ (၁၆-၁၂-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို လျှောက်လွှာထုတ်ယူသည့်နေရာ၌ တင်သွင်းရမည်။

၈။ ဝင်ခွင့်စာမေးပွဲနှင့် အခြားသိရှိလိုသည်များ ဆက်သွယ်စုံစမ်းနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၁၀၂၊ ကချင်ပြည်နယ်ရုံး ၀၇၄-၂၅၂၂၃၇၃၊ ကယားပြည်နယ်ရုံး ၀၈၃-၂၂၂၁၀၅၄၊ ကရင်ပြည်နယ်ရုံး ၀၅၈-၂၁၀၆၃၊ ချင်းပြည်နယ်ရုံး ၀၇၀-၂၁၀၆၈၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး ၀၇၁-၂၂၈၇၂၊ တနင်္သာရီတိုင်းဒေသကြီးရုံး ၀၅၉-၂၀၂၃၄၉၇၊ ပဲခူးတိုင်းဒေသကြီးရုံး ၀၅၂-၂၂၂၁၂၂၆၊ မကွေးတိုင်းဒေသကြီးရုံး ၀၆၃-၂၀၂၈၃၃၈၊ မန္တလေးတိုင်းဒေသကြီးရုံး ၀၂-၄၀၇၂၁၀၃၊ မွန်ပြည်နယ်ရုံး ၀၅၇-၂၀၂၇၂၁၅၊ ရခိုင်ပြည်နယ်ရုံး ၀၄၃-၂၂၀၁၇၊ ရန်ကုန်တိုင်းဒေသကြီးရုံး ၀၁-၆၅၈၀၂၇၊ ရှမ်းပြည်နယ်ရုံး ၀၈၁-၂၁၂၁၁၆၊ ဧရာဝတီတိုင်းဒေသကြီးရုံး ၀၄၂-၂၄၂၇၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြမည့်စာရွက်၊ စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**လူမှုဝန်ထမ်းဦးစီးဌာန**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

အကြောင်းအရာ။ **__________ ရာထူးနေရာတွင် ခန့်ထားပေးနိုင်ပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ ကျွန်မသည် လူမှုဝန်ထမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော __________ __________________ နေရာတွင် တာဝန်ထမ်းဆောင်လိုပါကြောင်း လျှောက်ထားအပ်ပါသည်-

(က) အမည် ______________________________________________

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ___________________________

(ဂ) လူမျိုး/ဘာသာ ______________________________________

(ဃ) မွေးဖွားရာအရပ် _____________________________________

(င) အဘအမည် _________________၊ အမိအမည် ________________

(စ) မွေးဖွားသည့် ရက်၊လ၊ခုနှစ် __________________________________

(ဆ) ကိုယ်တွင်ထင်ရှားသည့် အမှတ်အသား ________________________

(ဇ) လက်ရှိနေရပ်လိပ်စာ ____________________________________

______________________________________________________

(ဈ) အမြဲတမ်းနေရပ်လိပ်စာ __________________________________

______________________________________________________

(ည) ပညာအရည်အချင်း _____________________________________

(ဋ) တက်ရောက်ခဲ့သည့်သင်တန်းများ ____________________________

______________________________________________________

(၄)    ထမ်းဆောင်ခဲ့သောတာဝန်များ

| တာဝန် | ရုံး/ဌာန/အဖွဲ့အစည်း | နေ့ရက်မှ | နေ့ရက်အထိ | မှတ်ချက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

( ၃ )ပါဝင်ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ခဲ့သည့်လူမှုရေးနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အမည်များနှင့်တာဝန်များ ______________________________

______________________________________________________________

______________________________________________________________

( ၁ ) အပြစ်ပေးခံရခြင်းများရှိ/မရှိ(ရှိပါကပြစ်ဒဏ်အမျိုးအစားဖော်ပြပေးပါရန်)

______________________________________________________________

______________________________________________________________

၂။    လျှောက်လွှာနှင့်အတူပူးတွဲပါစာရွက်စာတမ်းများပူးတွဲတင်ပြအပ်ပါသည်။

၃။    ကျွန်တော်/ကျွန်မသည်လူမှုဝန်ထမ်းဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

လက်မှတ် -

အမည် -

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

ရက်စွဲ။    -    - ၂၀၂၄။